MIC

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

## ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ-၀၇၇/၉၇ ၁၉၉၇ ခုနှစ်၊ ခုနှစ်၊ဇူလိုင်လ ၈ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦးဆောင်ညွှန်ကြားရေးမှူး၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(ခ) အဘအမည်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်

(ဃ) နေရပ်လိပ်စာ အမှတ်(၆၀)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း ပီဒဗလျူအင်(န်)ဂျီဂျီ ဖက်စပ်ကုမ္ပဏီလီမိတက်(PW & GG JOINT VENTURE COMPANY LIMITED)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား သစ်အခြောက်ခံစက်မှုလုပ်ငန်း (သစ်အခြောက်ခံ ထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း)

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၁ဆ/၄၀)ရှိ ထုသစ်ဆော်ကပ်စက်ရုံမြေနေရာ

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၁၀၉.၇၆ သန်း (ကျပ်တစ်ရာ့ကိုးသန်း၊ ခုနှစ်သိန်း ခြောက်သောင်းတိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ကော်မတီဥ-

ရအ-၁/စ-၀၆၁/၆၇( ၉၀၀ )

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်

အကြောင်းအရာ ။ PW & GG Joint Venture Co., Ltd. ၏ လုပ်ငန်းသုံး အလွတ်မော်တော်ယာဉ်များ တင်သွင်း ရန်ကိစ္စ ။

ရည်ညွှန်းချက် ။ ဆောက်လုပ်ရေး ဝန်ကြီးဌာန ၂၀-၁၀-၉၇ ရက်စွဲပါစာအမှတ်၊ ၄၃/ရှ-၁(၉၆)(စီ၃၀၀၂)။

၁။ မြို့ပြ ဆောက်လုပ်ရေး လုပ်ငန်း နှင့် Green Gold Industrial Co., Ltd. တို့ဖက်စပ်ဖွဲ့စည်း ပေါင်း၍ PW & GG Joint Venture Co., Ltd. တည်ထောင်ပြီး သစ်သားခြောက်စက်မှုလုပ်ငန်း (သစ်သားချောင်းများ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း) ကိုမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန်အတွက် ရည်ညွှန်းပါစာအရအဆိုပြုထားချက်အား (၂၅-၄-၉၇) နေ့စွဲဖြင့် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ (၆/၉၇) ကြိမ်မြောက်အစည်းအဝေး သို့ တင်ပြခဲ့ရာ အဆိုပါအစည်းအဝေး မှလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်မူအား ဖြင့်သဘောတူခဲ့ပါသည်။

၂။ ထို့ပြင်လုပ်ငန်း အလွတ်မော်တော်ယာဉ်များ တင်သွင်း အနေနှင့်ပထမ အကြိမ်လုပ်ငန်း တည်ဆောက်မှုကာလအတွင်း Saloon(တစ်)စီး၊ Truck (တစ်)စီး၊ Mini bus(တစ်)စီး တို့ကိုအခွန်အကောက်ကင်း လွတ်ခွင့်ပြုနိုင်ကြောင်း၊ လုပ်ငန်း စတင်ဆောင်ရွက်သည့်အချိန်တွင် Saloon (တစ်)စီး၊ Truck (တစ်)စီး၊ Mini bus (တစ်)စီး၊ တို့ကိုအခွန်အကောက်ပေး ရသည့်စနစ်ဖြင့် ခွင့်ပြုနိုင်ကြောင်း တင်သွင်း ခွင့်ပြုရန် ကော်မရှင်မှ ဆုံးဖြတ် ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါဆုံးဖြတ်ချက်ကိုသိရှိနိုင်ပါရန်အကြောင်း ကြားအပ် ပါသည်။

( မောင်မောင်ဦး )
ဒုတိယညွှန်ကြားရေးမှူး

ဒါရိုက်တာ
ပီဒဗလျူအင်န်ဂျီဂျီဖက်စပ်ကုမ္ပဏီလီမိတက်

မိတ္တူကို -

(၁) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
(၂) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။
(၃) ဆောက်လုပ်ရေးဝန်ကြီးဌာန။
(၄) ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ငယ်။
(၅) (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန။)
(၅) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန။
(၆) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။
(၇) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန။
(၈) ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

**ဒိုင်**ဂ-၇-၉၇။

လျှို့ဝှက်

PW&GG Joint Venture Co., Ltd.

ဖြစ်စဉ် အကျဉ်းချုပ်

| | | | |
|---|---|---|---|
| ၁။ | ကုမ္ပဏီအမည် | PW&GG Joint Venture Co., Ltd.<br>(၂၁-၁၁-၉၇) | |
| ၂။ | ခွင့်ပြုမိန့်အမှတ်/နေ့စွဲ | မနသ-၀၇၈/၉၇ (၈-၇-၉၇) | |
| ၃။ | လုပ်ငန်းအမျိုးအစား | သစ်အခြေခံစက်မှုလုပ်ငန်း | |
| ၄။ | လုပ်ငန်းအဆိုပြုသူအမည်<br>(ဖက်စပ်လုပ်ငန်း) | - ဦးဆောင် ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း<br>- (ပဆလ ၅၀%၊ PW & GG ၅၀%) | |
| ၅။ | တည်နေရာ | ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ မြေတိုင်း(၁၄)၊ မြေကွက်(၁ ဆ/၄၀)ရှိ ဒု-သစ်ကော်ကပ်စက်ရုံ မြေနေရာ၊ | |
| ၆။ | | မူလအဆိုပြုချက် | ထည့်ဝင်မှု |
| | စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု | ကျပ် ၁၃၀.၀၀ သန်း | ကျပ် ၁၂၉.၇၆ သန်း |
| | - ငွေသား | ကျပ် ၂၀.၀၀ သန်း | ကျပ် ၃၈.၅၈ သန်း |
| | - ကုန်ကြမ်း | ကျပ် ၂၀.၀၀ သန်း | - |
| | - အဆောက်အဦ | ကျပ် ၆၁.၂၁ သန်း | ကျပ် ၅၁.၈၆ သန်း |
| | - စက်ပစ္စည်းကိရိယာ | ကျပ် ၂၈.၇၉ သန်း | ကျပ် ၃၉.၃၂ သန်း |
| ၇။ | မြေအကြောင်းအရာ | | |
| | - မြေအကျယ်အဝန်း | (၆.၉၉၂) ဧက | |
| | - မြေပိုင်ဆိုင်မှု | ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းပိုင်မြေ၊ | |
| | - မြေအမျိုးအစား | နိုင်ငံပိုင်မြေ၊ | |
| ၈။ | လုပ်ငန်းစီးပွားဖြစ် စတင်ဆောင်ရွက်သည့် နေ့စွဲ | (၁-၄-၉၉) | |

| | | | |
|---|---|---|---|
| ၉။ | ပဋိညာဉ်စာချုပ်များ လက်မှတ်ရေးထိုးသည့် နေ့စွဲ | | |
| | (၁) ဖက်စပ်လုပ်ငန်း သဘောတူ စာချုပ် | (၂၉-၇-၉၇) | |
| | (၂) မြေငှားသဘောတူစာချုပ် | (၁၁-၃-၉၈) | |
| ၁၀။ | ချေးငွေရယူခြင်း | MEB မှ ကျပ် (၇၅.၀၀) သန်း | |
| | (၂၀၀၄ခုနှစ်၊စက်တင်ဘာလကုန် အထိ) | အတိုးနှုန်း (၁၄.၅) ရာခိုင်နှုန်း | |
| ၁၁။ | မြေနှင့်အဆောက်အဦ ငှားရမ်းခ | တစ်နှစ်လျှင် ကျပ် (၃.၃၀) သန်း | |
| ၁၂။ | မြေငှားရမ်းသက်တမ်း | နှစ်(၃၀) | |
| ၁၃။ | ဝန်ထမ်းအင်အား | အဆိုပြု | ခန့်ထားပြီး |
| | - ပြည်တွင်း | ၁၀၈ | ၄၂၄ |
| ၁၄။ | ရောင်းချမှုစနစ် | | |
| | (က) ပြည်ပ | (၇၀) ရာခိုင်နှုန်း | |
| | (ခ ) ပြည်တွင်း | (၃၀) ရာခိုင်နှုန်း | |
| ၁၅။ | ထုတ်လုပ်မှု/တင်ပို့မှု(ပူးတွဲ) | | |

ပူးတွဲ

PW & GG JOINT VENTURE CO., LTD.

ထုတ်လုပ်မှု

( တန်ဖိုးထောင်ပေါင်း )

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၀၂-၂၀၀၃ | | ၂၀၀၃-၂၀၀၄ | | ၂၀၀၄-၂၀၀၅ စက်တင်ဘာလထိ | |
|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၁။ | ထုတ်လုပ်မှု | | | | | | | |
| က | Flooring& Moulding | တန် | ၆၄၄.၄၈ | ၅၄၇,၉၃၅.၃၂ | ၄၈၉.၇၂ | ၄၄၃,၆၅၇.၆၈ | ၃၅၅.၄၆ | ၂၅၇,၆၀၇.၂၆ |
| ခ | Furniture | ခု | | | ၂၃,၈၁၈ | | ၂၄.၂၄၉ | |
| ၂။ | ပြည်တွင်းအရောင်း | | | | | | | |
| | -ကျပ်ငွေဖြင့် | | | | | | | |
| | -အမေရိကန်ဒေါ်လာဖြင့် | | | | | | | |
| | -( ညီမျှသောကျပ် ) | | | | | | | |
| ၃။ | ပြည်ပတင်ပို့မှု | | | | | | | |
| | -အမေရိကန်ဒေါ်လာဖြင့် | | | | | | | |
| က | Flooring& Moulding | တန် | ၁၈၉.၀၁ | ၄၈၀.၁၉ | ၁၆၇.၂၀ | ၃၇၈.၅၆ | ၈၈.၆၇ | ၁၉၄.၃၅ |
| ခ | Furniture | ခု | - | - | - ၆ | ၀.၇၉ | | |
| | -( ညီမျှသောကျပ် ) | | - | (၄၈၀၁၈၆.၃၅) | | (၃၆၂၇၄၃.၂) | | (၁၈၃,၆၆၂.၉၅) |

FORM XXVI

# PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : PW & GG JOINT VENTURE CO.LTD.

Presented by : U BO KYAW (MANAGING DIRE

| The present christian name or names of surnames | Nationality, National Registration Card No. | Usual Residential Address | Other Business Occupation | Changes |
|---|---|---|---|---|
| | | DIRECTORS | | |
| 1. U HAN ZAW | MYANMAR NMK - 001668 | NO.62/A, PADONMAR ROAD, DAGON TSP, YANGON. | MANAGING DIRECTOR PUBLIC WORKS | CHAIRMAN |
| 2. U BO KYAW | MYANMAR 9/PAMANA(N)034563 | NO.209, THANTHUMAR ROAD, 23 WARD, THUWUNNA, THINGANGYUN TSP, YANGON. | VICE CHAIRMAN G.G.I CO., LTD. | MANAGING DIRECTOR |
| 3. U THANT ZIN | MYANMAR AB - 062801 | NO.103, PYIDAUNG SU YEIKTHA STREET, DAGON TSP, YANGON. | ADVISOR | DIRECTOR |
| U YAN MYO SHIN | MYANMAR 8/MABANA(N)008229 | NO.45/6, PAWSANHMWE STREET, THUWUNNA, THINGANGYUN TSP, YANGON. | - | DIRECTOR |
| 5. U SOE NAING (2) | MYANMAR LPN - 092260 | NO.45, BOGYOKE STREET, 37 WARD, N/DAGON MYOTHIT TSP, YANGON. | DIRECTOR G.G.I CO., LTD. | RESINGD AS DIRECTOR w.e.f (18.8.2005) |
| 6. U SOE NAING (1) | MYANMAR I/TBN - 080306 | NO.388, LAYKYUNKYAR KHAING STREET, 41 WARD, N/DAGON MYOTHIT TSP, YANGON. | - | APPOINTED AS DIRECTOR w.e.f (18.8.2005) |

**NOTE :** (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of ............ and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Da this 23.8.05

Signature ............ BO KYAW

Designation ............ MANAGING DIRECTOR PW & GG JV CO., LTD

Myanmar Daewoo Construction Machinery Co, Ltd

| | | |
|---|---|---|
| ၁ | ကုမ္ပဏီအမည် | - Myanmar Daewoo Construction Machinery Co; Ltd<br>- Road Transport<br>- Myanmar Daewoo. Ltd.(Korea) |
| ၂ | ခွင့်ပြုမိန့်အမှတ်/နေ့စွဲ | - ၂၄၁/(၂၉-၁-၁၉၉၇) |
| ၃ | လုပ်ငန်းအမျိုးအစား | - Leasing, Preparing Supplying Transportation ,and Assembling of Construction Machinery. |
| ၄ | တည်နေရာ | - ဗိုလ်တစ်ထောင်မြို့နယ် ရန်ကုန်မြို့ |
| ၅ | မတည်ရင်းနှီးငွေ | - Forest Dept - ကျပ် ၂.၄၃ သန်း<br>- Daewoo ကျပ် ၁၁.၉၇ သန်း<br>(US$ ၁.၉၉၅သန်း)<br>စုစုပေါင်းကျပ် ၁၄.၄၀ သန်း<br>(US$ ၁.၉၉၅ သန်း) |
| ၆ | လုပ်ငန်းစတင်သည့်နေ့ | - ၃-၁၁-၉၇ |
| ၇ | သက်တမ်း | - (၂၀နှစ်) |

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : MYANMAR DAEWOO CONSTRUCTION MACHINERY CO., LTD. Presented by : MR.JEONG HWAN PARK

| The present christian name or names of surnames | Nationality, National Registration Card No. | Usual Residential Address | Other Business Occupation | Changes |
|---|---|---|---|---|
| 1.MR.JEONG HWAN PARK | KOREAN P.P.NO.7018313 | NO.22, YAW MIN GYI ROAD, DAGON TOWNSHIP, YANGON, MYANMAR. | MANAGING DIRECTOR MYANMAR DAEWOO LTD. | MANAGING DIRECTOR |
| 2.U KO KO NAING | MYANMAR MMA-195024 | NO.375, BOGYOKE AUNG SAN ROAD, YANGON, MYANMAR | GENERAL MANAGER ROAD TRANSPORT | DEPUTY MANAGING DIRECTOR |
| 3.U WIN AUNG | MYANMAR MTA-162068 | NO.375, BOGYOKE AUNG SAN ROAD, YANGON, MYANMAR | MANAGING DIRECTOR ROAD TRANSPORT | RESIGNED FROM DIRECTOR W.E.F 15.12.2005 |
| 4.DAW MYINT MYINT THAN | MYANMAR AA-095416 | NO.375, BOGYOKE AUNG SAN ROAD, YANGON, MYANMAR | CHIEF ACCOUNTANT ROAD TRANSPORT | APPOINTED AS DIRECTOR W.E.F 15.12.2005 |
| 5.MR.SANG SUB JUNG | KOREAN P.P.NO.7020262 | NO.22, YAW MIN GYI ROAD, DAGON TOWNSHIP, YANGON, MYANMAR. | GENERAL MANAGER DAEWOO CORPORATION | DIRECTOR |
| 6.MR.KWANG MIN SOHN | KOREAN P.P.NO.7027431 | NO.22, YAW MIN GYI ROAD, DAGON TOWNSHIP, YANGON, MYANMAR. | DIRECTOR MYANMAR DAEWOO LIMITED. | DIRECTOR |

NOTE : (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of ..................." and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry

Dated this - 3 JAN 2006

Signature [signature]

Designation Jeong Hwan Park Managing Director Myanmar Daewoo Construction Machinery Company Limited.

# PW & GG Joint Venture Co., Ltd.
## ဖြစ်စဉ်အကျဉ်းချုပ်

၁။ <u>၁၉၉၄ - ၁၉၉၆</u>

Green Gold Industrial Co., Ltd. သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဖက်စပ်ကုမ္ပဏီ တည်ထောင်ဖွဲ့စည်းရန် ပြင်ဆင်ဆောင်ရွက်နေစဉ် စက်ရုံ၌ နဝလီစနစ်ဖြင့် လုပ်ငန်းအချို့ စတင်ဆောင်ရွက်ခဲ့ပါသည်။ ပို့ကုန်များကို အာရှနိုင်ငံများသို့ စတင်တင်ပို့ခဲ့ပါသည်။

၂။ <u>ဖက်စပ်ကုမ္ပဏီပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း</u>

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈-၇-၉၇) ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် (မနသ ၀၇၈/၉၇) အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် Green Gold Industrial Co., Ltd. တို့သည် (၂၉-၇-၉၇) ရက်နေ့တွင် ပဋိညာဉ်စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့ချုပ်ဆိုခဲ့ရာတွင် ကနဦး မတည်ရင်းနှီးငွေအဖြစ် ကျပ် ၁၀၉၇,၆၀,၀၀၀/- (၁၀၉.၇၆ သန်း) သတ်မှတ်ခဲ့ပြီး အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀,၀၀၀/-သတ်မှတ်၍ အစုရှယ်ယာစုစုပေါင်း ၁၀,၉၇၆ သတ်မှတ်တည်ထောင်ခဲ့ကြပါသည်။ ယင်းအနက် အောက်ဖော်ပြပါအတိုင်း အစုရှယ်ယာအချိုးအစား သတ်မှတ်၍ ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ကြပါသည် -

(က) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (က)အစုရှယ်ယာရှင် ၅၄၈၈ စု (၅၀%)
ကျပ် ၅၄၈,၈၀,၀၀၀/- (၅၄.၈၈ သန်း)

(ခ) Green Gold Industrial Co., Ltd. (ခ)အစုရှယ်ယာရှင် ၅၄၈၈စု (၅၀%)
ကျပ် ၅၄၈,၈၀,၀၀၀/- (၅၄.၈၈ သန်း)

မှတ်ချက်။ ။ ရင်းနှီးမြှုပ်နှံရန် အဆိုပြုစဉ်က အဖွဲ့အစည်းနှစ်ခုမှ ထည့်ဝင်ရင်းနှီးမြှုပ်နှံငွေကျပ်၁၀၉.၇၆သန်းမှာ ထိုစဉ်ကရှိသော နိုင်ငံခြားငွေလဲနှုန်းအရ အမေရိကန်ဒေါ်လာ(၁.၁)သန်းခန့်ဖြစ်ပါသည်။ တိုးချဲ့ပြုပြင်တည်ဆောက်မှုများ ပြုလုပ်ပြီးနောက်ယခုလက်ရှိ တန်ဘိုးဖြတ်မှုအရ ဖက်စပ်ကုမ္ပဏီ၏တန်ဘိုးမှာ အမေရိကန်ဒေါ်လာ(၂)သန်းခန့်ဖြစ်ပါသည်။

၃။ <u>ကုမ္ပဏီမှတ်ပုံတင်ခြင်း</u>

ဖက်စပ်ကုမ္ပဏီကို (၂၁-၁၁-၉၇) ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၅-ဂျေဗီ/၉၇-၉၈)အရ မှတ်ပုံတင်ခဲ့ပါသည်။

စာမျက်နှာ (၂) သို့

၄။ <u>ဖက်စပ်ကုမ္ပဏီ၏ဆောင်ရွက်မှုများ</u>

အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ထုတ်လုပ်ပစ္စည်း – ပရိဘောဂမျိုးစုံနှင့်ကြမ်းခင်းပြားအမျိုးမျိုး

(ခ) နှစ်စဉ်ကုန်ထုတ်လုပ်နိုင်မှုစွမ်းရည် – အမေရိကန်ဒေါ်လာ ၅သန်းမှ၁၀သန်းအထိ

(ဂ) နှစ်စဉ်လက်ရှိကုန်ထုတ်လုပ်နေမှုပမာဏ – အမေရိကန်ဒေါ်လာ ၂သန်းဖိုးခန့်

(ဃ) တင်ပို့နိုင်ငံများ – ဂျပန်၊ ပြင်သစ်၊ အီတလီ နှင့် အခြားဥရောပနိုင်ငံများ

၅။ <u>ဖက်စပ်ကုမ္ပဏီ၏ငွေအရင်းအနှီးတိုးတက်ရန်ဆောင်ရွက်ခြင်း</u>

၁၉၉၈ မှ ၂၀၀၃ ခုနှစ်အတွင်း နိုင်ငံခြားမှ အမှာစာများ အဆက်မပြတ်ရရှိခဲ့ရာ ကုန်ထုတ်လုပ်မှုများစွာ ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ အရင်းအနှီးကန့်သတ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူရစေရန် မြန်မာ့စီးပွားရေးဘဏ်မှ ကျပ်သိန်း၇၅၀ ချေးယူရရှိခဲ့ပြီး Green Gold Industrial Co., Ltd. မှလည်း လိုအပ်ငွေများကို အတိုးမဲ့ကြိုတင်စိုက်ထုတ်၍လည်းကောင်း၊ အမေရိကန်ဒေါ်လာ၄သိန်းကျော်တန်ဖိုးရှိသော စက်ကိရိယာများကို ငှားရမ်းပေးထားခြင်းဖြင့်လည်းကောင်း လုပ်ငန်းကို လည်ပတ်စေခဲ့ပါသည်။ ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်းမှလည်း သက်သာရန်ပုံငွေအချို့ကို ထုတ်ချေးပြီး လျှပ်စစ်မီးစက်ကို သက်သာသောနှုန်းဖြင့် ငှားရမ်းပေးထား၍ လုပ်ငန်းပုံမှန်လည်ပတ်ရေးအတွက် များစွာအထောက်အကူဖြစ်ခဲ့ပါသည်။ ထို့အပြင် Green Gold Industrial Co., Ltd. သည် ယင်း၏ပို့ကုန်များကို ဖက်စပ်ကုမ္ပဏီအားလွှဲပြောင်းပေးခြင်းအားဖြင့် ဖက်စပ်ကုမ္ပဏီအနေဖြင့် ပို့ကုန်လုပ်ငန်းမှ ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးခဲ့ပါသည်။ လွန်ပြီးပါ ကာလအတွင်း စက်ရုံမှထုတ်လုပ်သော ကျွန်းကြမ်းခင်းပြားအမျိုးမျိုးနှင့် ကျွန်းပရိဘောဂတို့မှာ ဂျပန်နှင့် ဥရောပဈေးကွက်တွင် နာမည်ကောင်းရရှိခဲ့ပါသည်။ နာမည်ကောင်းတံဆိပ်များလည်းရရှိခဲ့ပါသည်။ ၂၀၀၃–၂၀၀၄ခုနှစ်အတွင်း တပ်မတော်ကပွဲခန်းမတွင် ပြုလုပ်သော သစ်အခြေခံစက်မှုလက်မှုလုပ်ငန်း ပြပွဲတွင် ဒုတိယဆုရရှိခဲ့ပါသည်။ PW & GG Joint Venture Co., Ltd. ကုမ္ပဏီ၏ကုန်ထုတ်လုပ်မှု အရည်အသွေးမှာ မြန်မာနိုင်ငံရှိ ဦးဆောင်ကုမ္ပဏီစာရင်းတွင် ပါဝင်လျှက်ရှိပါသည်။

(PW & GG Joint Venture Co., Ltd. ၏ထုတ်ကုန်အချို့အားပြည်ပနိုင်ငံကြီးများတွင် အသုံးပြုထားပုံ ဓါတ်ပုံမိတ္တူများအား ပူးတွဲတင်ပြပါသည်)။

၆။ ပြည်ပသို့ တင်ပို့သည့် ပို့ကုန်လုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်သောကြောင့် နိုင်ငံခြားငွေလွှဲမှုအပေါ် ပိတ်ဆို့ခြင်းခံရချိန်တွင် ငွေကြေးလည်ပတ်မှုကို များစွာထိခိုက်စေခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသို့ ငွေလွှဲပေးပို့ရာတွင် ခက်ခဲကြန့်ကြာခြင်း၊ မြန်မာနိုင်ငံဘဏ်များသို့ ငွေလွှဲစာတမ်း(L/C)ဖွင့်ရန် ခက်ခဲကြန့်ကြာခြင်းအပြင် အကောက်ခွန်ဥပဒေအရ ငွေလွှဲစာတမ်းမရရှိထားလျှင် ငွေအပြည့်အဝ ကြိုတင်ရရှိပြီးမှသာ ပို့ကုန်များကို တင်ပို့ခွင့်ရှိခြင်းစသည်တို့သည် မိမိတို့ဖက်စပ်ကုမ္ပဏီက ရင်ဆိုင်ရသော အဓိကအခက်အခဲများဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံခြားကုမ္ပဏီအချို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် လုပ်ငန်းများ ဆက်လက်လည်ပတ် စေနိုင်ခဲ့ပါသည်။

စာမျက်နှာ (၃) သို့

၇။ အထက်ပါ အခက်အခဲများမှာ ကုမ္ပဏီအနေဖြင့် ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ရင်ဆိုင်ခဲ့ရသော အခက် အခဲများဖြစ်ပါသည်။ ဤအထဲတွင် လျှပ်စစ်မီးစက်ကို အချိန်ကြာမြင့်စွာသုံးရခြင်း၊ လောင်စာဆီဈေး မြင့်မားလာခြင်း စသည်တို့ကြောင့် တစ်လလျှင် ကျပ်သိန်း၁၀၀ကျော် ပိုမိုသုံးစွဲခဲ့ရပါသည်။ ထိုအသုံးစရိတ်များခုမိစေရန် စက်ရုံ၏လုပ်အားကို ဝန်ထမ်း(၄၃၀)မှ(၂၈၀)အထိ လျှော့ချခဲ့ရပါသည်။ ဝန်ထမ်းလစာကို အထိုက်အလျှောက် တိုးမြှင့်ပေးပြီး ကုန်ထုတ်လုပ်မှုကို ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ နိုင်ငံရပ်ခြားရှိ ကုမ္ပဏီတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထိုအခက်အခဲများကြားမှပင် အမှာစာများ၊ များစွာတိုးတက်ရရှိနေ၍ မတည်ငွေရင်း ဖြည့်တင်းရေးသည်သာ အဓိကဖြစ်လာပါသည်။

၈။ အဓိကလိုအပ်ချက်ဖြစ်သော မတည်ငွေရင်းတိုးမြှင့်နိုင်ရေးတွက် အောက်ပါနည်းလမ်းများရှိပါသည် -


(က) အများပိုင်ကုမ္ပဏီအဖြစ် ပြင်ဆင်ဖွဲ့စည်း၍ အစုရှယ်ယာများရောင်းချပြီး အရင်းအနှီးတိုးစေခြင်း၊


(ခ) ပြည်ပကုမ္ပဏီတစ်ခုခုနှင့် ဖက်စပ်ကုမ္ပဏီတိုးချဲ့ဖွဲ့စည်းတည်ဆောက်ခြင်း၊

(ဂ) နှစ်ရှည်ဘဏ်ချေးငွေ ချေးယူ၍ အရင်းအနှီးတိုးမြှင့်ခြင်း၊

၉။ အထက်ပါနည်းလမ်းများအနက် အများပိုင်ကုမ္ပဏီအဖြစ် ပြင်ဆင်ဖွဲ့စည်း၍ အစုရှယ်ယာများ ရောင်းချပြီး အရင်းအနှီးတိုးမြှင့်စေသော နည်းလမ်းသည်သာ အကောင်းမွန်ဆုံးဖြစ်ပြီး ယင်းသို့အများပိုင် ကုမ္ပဏီကို သင့်တင့်လျှောက်ပတ်ချိန်တွင် ဖွဲ့စည်းရန် ပဋိညာဉ်စာချုပ် စာမျက်နှာ(၃) အပိုဒ်(၃-ခ)တွင် ဖော်ပြချုပ်ဆိုထားပါ၍ အများပိုင်ကုမ္ပဏီ ပြင်ဆင်ဖွဲ့စည်းခွင့်ပြုနိုင်ပါရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးထံ တင်ပြထားကြောင်း တင်ပြအပ်ပါသည်။


ဂျပန်နိုင်ငံတွင် PW & GG Joint Venture Co., Ltd. ၏ ထုတ်ကုန်ပစ္စည်းများ အသုံးပြုထားပုံ






ဂျပန်နိုင်ငံမှ နှစ်(၁၀၀)ကျော်သက်တမ်းရှိ **Fuji Company** က


**PW & GG Joint Venture Co., Ltd.** ၏ ပရိဘောဂများအားကြော်ငြာထားပုံ



ရှုရှားနိုင်ငံတွင် PW & GG Joint Venture Co., Ltd. ၏ ထုတ်ကုန်ပစ္စည်းများ အသုံးပြုထားပုံ





ခရိုအေးရှားနိုင်ငံတွင် PW & GG Joint Venture Co., Ltd. ၏ ထုတ်ကုန်ပစ္စည်းများ အသုံးပြုထားပုံ





သီရိလင်္ကာနိုင်ငံတွင် PW & GG Joint Venture Co., Ltd. ၏ ထုတ်ကုန်ပစ္စည်းများ အသုံးပြုထားပုံ





ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
နေပြည်တော်

စာအမှတ်၊ ၂၆ / ခွဲ - ၃ / ၂၀၁၁ (စီ ၂၅၆)
ရက် စွဲ၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **PW & GG Joint Venture Co.,Ltd ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများကို လွှဲပြောင်းရောင်းချရန်ကိစ္စ**

ရည် ညွှန်း ချက်။ Green Gold Industrial Co.,Ltd ၏ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက် နေ့စွဲပါစာအမှတ်၊ ၄၄၄ - ၂၈၇ - ၁၂၀

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် Green Gold Industrial Co.,Ltd တို့သည် သစ်အခြေခံ စက်မှုလုပ်ငန်း ( သစ်အချောထည်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း ) ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၉၉၇ခုနှစ် ဇူလိုင်လ (၈)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၅/၉၇ နှင့် ခွင့်ပြုမိန့်အမှတ်၊ မနသ / ၀၇၈ / ၉၇ တို့အရ PW & GG JOINT VENTURE COMPANY LIMITED ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၂။ ဖက်စပ်ကုမ္ပဏီတည်ထောင်ခဲ့ရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ဌာနမှ ပိုင်ဆိုင်သည့် သစ်အခြေခံစက်ရုံနှင့် စက်ရုံတွင် တပ်ဆင်ထားသည့် စက်ကိရိယာများကို တန်ဖိုး ကျပ် ၅၄.၈၈ သန်းဖြင့်သတ်မှတ်၍ အစုရှယ်ယာထည့်ဝင်ခဲ့ပါသည်။ *Green Gold Industrial Co., Ltd* မှလည်း စက်နှင့် စက်ကိရိယာများ ငွေသားများဖြင့် အစုရှယ်ယာ ကျပ် ၅၄.၈၈ သန်းကို ထည့်ဝင်ခဲ့ပါသည်။

၃။ လုပ်ငန်းစတင်ဆောင်ရွက်သည့် ၁၉၉၇ - ၁၉၉၈ ဘဏ္ဍာနှစ်မှ ၂၀၀၈ - ၂၀၀၉ ဘဏ္ဍာနှစ် အထိ နှစ်ချုပ်အရှုံးအမြတ်စာရင်းများအရ အမြတ်များရရှိခဲ့သော်လည်း အမြတ်ခွဲဝေခဲ့ခြင်းမပြုခဲ့ပါ။ သို့ရာတွင် ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာနှစ်တွင် နှစ်ချုပ်အရှုံး အမြတ်စာရင်းအရ ကျပ် ၃၀၆.၂၅ သန်း အရှုံးပေါ်ခဲ့ခြင်း၊ ပေးရန်တာဝန်များ ပိုမိုများပြားလာခြင်းတို့ကြောင့် ဖက်စပ်ကုမ္ပဏီကို ဆက်လက် ဆောင်ရွက်ရန် သင့်/မသင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဘက်မှ စီစစ်သုံးသပ်ခဲ့ပါသည်။

$$NPV = C_0 + \frac{C(1+i)}{(1+r)^n}$$

$C_0$ = [illegible] 
−၅၄.၈၈

~~i = Interest Rate~~
~~Inflation~~
~~r =~~

$C$ = သိန်း ၂၂၀

$i$ = Inflation Rate 7.5%

$r$ = Interest Rate 12%

$n = 13$ = 1997 မှ ယခုထိ (၁၃) နှစ်

$$= -54.88 + \frac{220(1+.075)}{(1+.12)^{13}}$$

$$= -54.88 + 220(1+.075)(.2292)$$

$$= -54.88 + 54.21$$

$$= (-)0.67$$

[illegible]

[illegible]

$$NPV = C_0 + \frac{C(1+i)}{(1+r)^{13}}$$

$C_0$ = [illegible]

−၉၄.၀၀၀

~~i = Interest Rate 12%~~
~~Inflation~~

~~r~~

$C$ = [illegible] ၂၂၀

$i$ = Inflation Rate 7.5%

$r$ = Interest Rate. 12%

$n = 13$ = 1997 [illegible] (၁၃) [illegible]

$$= -54.88 + \frac{220(1+.075)}{(1+.12)^{13}}$$

$$= -54.88 + \frac{220}{2}(1+.075)(.229)$$

$$= -54.88 + 54.21$$

$$= -0.67$$

[illegible]

[illegible]

ဝန်ကြီး

M-201
2011

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ဆောက်လုပ်ရေးဝန်ကြီးဌာန
# ဝန်ကြီးရုံး
# နေပြည်တော်

စာအမှတ်၊ ၂၆ / ခွဲ - ၃ / ၂၀၁၁ (စီ ၂၅၆)
ရက် စွဲ၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ ။ **PW & GG Joint Venture Co.,Ltd ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများကို လွှဲပြောင်းရောင်းချရန်ကိစ္စ**

ရည် ညွှန်း ချက် ။ Green Gold Industrial Co.,Ltd ၏ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက် နေ့စွဲပါစာအမှတ်၊ ၄၄၄ - ၂၈၇ - ၁၂၀

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် Green Gold Industria Co.,Ltd တို့သည် သစ်အခြေခံ စက်မှုလုပ်ငန်း ( သစ်အချောထည်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၉၉၇ခုနှစ် ဇူလိုင်လ (၈)ရက်နေ့စွဲပ အမိန့်ကြော်ငြာစာအမှတ်၊ ၂၅/၉၇ နှင့် ခွင့်ပြုမိန့်အမှတ်၊ မနသ / ၀၇၈ / ၉၇ တို့အရ PW & G JOINT VENTURE COMPANY LIMITED ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည် ။

၂။ ဖက်စပ်ကုမ္ပဏီတည်ထောင်ခဲ့ရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ဌာန ပိုင်ဆိုင်သည့် သစ်အခြေခံစက်ရုံနှင့် စက်ရုံတွင် တပ်ဆင်ထားသည့် စက်ကိရိယာများကို တန် ကျပ် ၅၄.၈၈ သန်းဖြင့်သတ်မှတ်၍ အစုရှယ်ယာထည့်ဝင်ခဲ့ပါသည်။ Green Gold Industrial Co., မှလည်း စက်နှင့် စက်ကိရိယာများ ငွေသားများဖြင့် အစုရှယ်ယာ ကျပ် ၅၄.၈၈ သန်းကို ထည့်ဝ ပါသည် ။

၃။ လုပ်ငန်းစတင်ဆောင်ရွက်သည့် ၁၉၉၇ - ၁၉၉၈ ဘဏ္ဍာနှစ်မှ ၂၀၀၈ - ၂၀၀၉ ဘဏ္ဍာ အထိ နှစ်ချုပ်အရှုံးအမြတ်စာရင်းများအရ အမြတ်များရရှိခဲ့သော်လည်း အမြတ်ခွဲဝေခဲ့ခြင်းမပြုခဲ့ သို့ရာတွင် ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာနှစ်တွင် နှစ်ချုပ်အရှုံး အမြတ်စာရင်းအရ ကျပ် ၃၀၆.၂၅ အရှုံးပေါ်ခဲ့ခြင်း၊ ပေးရန်တာဝန်များ ပိုမိုများပြားလာခြင်းတို့ကြောင့် ဖက်စပ်ကုမ္ပဏီကို ဆက် ဆောင်ရွက်ရန် သင့်/မသင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဘက်မှ စိစစ်သုံးသပ်ခဲ့ပါသည် ။

၄။ အထက်ပါအခြေအနေတွင်Green Gold Industrial Co.,Ltd မှ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ဖက်စပ်ကုမ္ပဏီအား ဆက်လက်ရှင်သန်ခွင့်ပေးပြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများကို မူလအစုရှယ်ယာတန်ဖိုး၏ ၃ဆခန့်ဖြင့် လွှဲပြောင်းဝယ်ယူလိုကြောင်းနှင့် PW & GG JV Co.,Ltd ၏ ပေးရန်တာဝန်များကိုလည်း Green Gold Industrial Co.,Ltd မှ တာဝန်ယူ ရှင်းလင်း၍ ဆက်လက်လုပ်ကိုင်လိုပါကြောင်း အဆိုပြုတင်ပြလာပါသည်။

၅။ PW & GG JV Co.,Ltd ၏ ၂၀၁၀ ခုနှစ် မတ်လ (၃၁)ရက်နေ့ လက်ကျန်ရှင်းတမ်းအရ ပုံသေပိုင် ပစ္စည်းပိုင်ဆိုင်မှုတန်ဖိုး စုစုပေါင်းမှာ ကျပ် ၅၈၂.၀၄၈ သန်းဖြစ်ပြီး၊ ပေးရန်တာဝန်မှာ ကျပ် ၄၀၅.၂၂၆ သန်းရှိသဖြင့် အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်တန်ဖိုးမှာ ကျပ် ၁၇၆.၈၂၂သန်းဖြစ် ပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ပိုင်ဆိုင်ခွင့် ၅၀% မှာ ကျပ် ၈၈.၄၁၁ သန်းဖြစ်ပါသည်။

၆။ ၂၀၁၀ခုနှစ် နိုဝင်ဘာလ(၁၂)ရက်နေ့တွင်ကျင်းပပြုလုပ်သောဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၄/၂၀၁၀) ဆုံးဖြတ်ချက် အပိုဒ် (၆၃)ဖြင့် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများကို မူလရှယ်ယာတန်ဖိုး ကျပ် ၅၄.၈၈ သန်း၏ ၄ဆ ဖြစ်သော ကျပ် ၂၂၀ သန်းဖြင့် ရောင်းချရန် ဆုံးဖြတ်ခဲ့ပါသည်။ Green Gold Industrial Co.,Ltd မှလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရောင်းချမည့် အစုရှယ်ယာများကို ကျပ် ၂၂၀ သန်းဖြင့် ဝယ်ယူမည်ဖြစ်ပါကြောင်း သဘောထား ပြန်ကြားလာပါသည်။

၇။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ဆက်လက်လုပ်ဆောင်ပါက အကျိုးအမြတ် ရရှိနိုင်မည် မဟုတ်ခြင်း၊ ကုမ္ပဏီဖျက်သိမ်းပါကလည်း မူလအစုရှယ်ယာတန်ဖိုးကို ပြည့်မီအောင် ပြန်လည်ရရှိနိုင်မည် မဟုတ်ခြင်းတို့ကြောင့် PW & GG Joint Venture Co.,Ltd ရှိ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းပိုင် မူလတန်ဘိုး ကျပ် ၅၄.၈၈ သန်းရှိသည့် အစုရှယ်ယာများကို Green Gold Industrial Co.,Ltd သို့ ကျပ် ၂၂၀ သန်းဖြင့် ရောင်းချလိုပါသည်။

၈။ အစုရှယ်ယာ လွှဲပြောင်းရောင်းချပြီးပါက လုပ်ငန်းတည်ရှိရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းပိုင် မြေအတွက် ကနဦး မြေငှား သဘောတူစာချုပ်ကို ဆက်လက်ထားရှိပြီး ၄င်းစာချုပ် (၅)နှစ် တစ်ကြိမ် ၁၅ %နှုန်းထက် မပိုစေဘဲ တိုးမြှင့်သတ်မှတ်နိုင်သည်ဟူသော မူအရ နှစ်ဦးနှစ်ဘက် ညှိနှိုင်း၍ မြေငှားရမ်းခ ပြန်လည်တိုးမြှင့်သတ်မှတ်မည်ဖြစ်ပါသည်။

၉။ သို့ဖြစ်ပါ၍ PW & GG Joint Venture Co.,Ltd ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများကို Green Gold Industrial Co.,Ltd သို့ ကျပ် ၂၂၀ သန်းဖြင့် လွှဲပြောင်းရောင်းချခွင့်ပြုပါရန်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် မြေကို နှုန်းထားတိုးမြှင့်သတ်မှတ်၍ ဆက်လက်ငှားရမ်းခြင်းအတွက် သဘောတူခွင့်ပြုပေးပါရန် တင်ပြအပ်ပါသည် ။

**ပူးတွဲပါစာရွက်စာတမ်းများ**

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈ - ၇ - ၁၉၇၇)နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၅/၉၇ မိတ္တူ

( ခ ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈ - ၇ - ၁၉၇၇ )နေ့စွဲပါ ခွင့်ပြုမိန့်အမှတ်၊ မနသ - ၀၇၈/၉၇ မိတ္တူ

( ဂ ) ကုမ္ပဏီမှတ်ပုံတင် လက်မှတ်အမှတ်၊ ၁၅ ဂျေဗွီ ( ၁၉၉၇ - ၁၉၉၈ မိတ္တူ )

(ဃ) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ်စဉ် ( ၃၄/၂၀၁၀)

( င ) Green Gold Industrial Co.,Ltd ၏ (၁၀ - ၁၂ - ၂၀၁၀ ) ရက်စွဲပါ စာအမှတ်၊ ၄၄၄ - ၂၀၇ - ၁၂၁၀

( စ ) PW & GG Joint Venture Co.,Ltd ၏ အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ် နှစ်ပတ်လည် အထူးအစည်းအဝေးမှတ်တမ်း (၂၀ - ၁၂ - ၂၀၁၀ )

(ဆ) PW & GG Joint Venture Co.,Ltd ၏ ( ၃၁ - ၃ - ၂၀၁၀ ) နေ့ရှိ လက်ကျန်ရှင်းတမ်း

ခင်မောင်မြင့်
ဝန်ကြီး

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

[illegible] — [illegible] PW & GG Joint Venture Co, Ltd [illegible]

[illegible]

[illegible] Note Sheet [illegible]

[illegible] 27/1/11

[illegible]

[illegible]

[illegible] 27/1/2011

[illegible]

[illegible]

[illegible] 28/1/11

[illegible]

[illegible]

(၁) NRC [illegible] MLC [illegible]

(၂) [illegible] (ခ) [illegible]

28/1/2011

Inflation [illegible] Interest Rate [illegible]

[illegible] (1) [illegible]

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

[illegible] - [illegible] & GG Joint Venture Co, Ltd [illegible]

[illegible]

[illegible] Mem [illegible]

[illegible]

[illegible] 2/2/11.

[illegible]

[illegible]

[illegible]

[illegible]

3/2/2011

Dir

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ လ ရက်။

အကြောင်းအရာ။ ။ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ PW & GG Joint Venture Co., Ltd. ရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းပိုင် အစုရှယ်ယာများကို လွှဲပြောင်း ရောင်းချရန် တင်ပြလာခြင်း ကိစ္စ။

၁။ ပြည်သူဆောက်လုပ်ရေးလုပ်ငန်း နှင့် Green Gold Industrial Co., Ltd. တို့သည် တစ်ဦးလျှင် အစုရှယ်ယာ (၅၀%) စီ ထည့်ဝင်၍ PW & GG Joint Venture Co., Ltd. တည်ထောင်၍ သစ်အခြေခံ စက်မှုလုပ်ငန်း (သစ် အချောထည်များ ထုတ်လုပ် ဖြန့်ဖြူးခြင်း) လုပ်ငန်း လုပ်ကိုင်ရန် ကော်မရှင်မှ ခွင့်ပြုမိန့် အမှတ်၊ မနသ- ၀၇၈/၁၉၉၇ (၈-၇-၁၉၉၇) ကို ရရှိခဲ့ပါသည်။

၂။ လုပ်ငန်း၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ်(၁၀၉.၇၆)သန်းဖြစ်ပြီး လုပ်ငန်း၏ စီးပွားဖြစ် စတင်ဆောင်ရွက်သည့် နေ့မှာ (၁.၄-၁၉၉၉) ဖြစ်ပါသည်။

၃။ ဖက်စပ် ကုမ္ပဏီ တည်ထောင်ခဲ့ရာတွင် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း အနေဖြင့် ဌာနမှ ပိုင်ဆိုင်သည့် သစ်အခြေခံစက်ရုံနှင့် စက်ရုံတွင် တပ်ဆင်ထားသည့် စက်ကိရိယာများ ကို ကျပ်(၅၄.၈၈) သန်း သတ်မှတ်၍ အစု ရှယ်ယာ ထည့်ဝင်ခဲ့ပြီး Green Gold Industrial Co., Ltd. မှ စက်နှင့် စက်ကိရိယာများ၊ ငွေသားများဖြင့် အစုရှယ်ယာကျပ် (၅၄.၈၈) သန်း ထည့်ဝင်ခဲ့ပါသည်။

၄။ စိစစ်တင်ပြချက်

(က) ဖက်စပ်ကုမ္ပဏီအနေဖြင့် ၁၉၉၇- ၁၉၉၈ ခုနှစ် ဘဏ္ဍာနှစ်မှ ၂၀၀၈- ၂၀၀၉ ခုနှစ် အထိ နှစ်ချုပ် အရှုံးအမြတ် စာရင်းအရ အမြတ်များရရှိခဲ့သော်လည်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် နှစ်ချုပ် အရှုံးအမြတ် စာရင်းအရ ကျပ်(၃၀၆.၂၅) သန်း အရှုံးပေါ်ခဲ့ခြင်း၊ ပေးရန်တာဝန်များ ပိုမိုများပြားလာခြင်းတို့ကြောင့် ဖက်စပ်ကုမ္ပဏီကို ဆက်လက်ဆောင်ရွက်ရန် သင့်/ မသင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းဘက်မှ စိစစ်သုံးသပ်ခဲ့ပြီး ဆက်လက် ဆောင်ရွက်ပါက အကျိုးအမြတ် ရရှိမည်မဟုတ်ခြင်း၊ ကုမ္ပဏီ ဖျက်သိမ်းပါက မူလအစုရှယ်ယာတန်ဖိုး ပြည့်မီအောင် ပြန်လည် ရရှိမည်မဟုတ်ခြင်းကြောင့် အစုရှယ်ယာများ လွှဲပြောင်း ရောင်းချရန် တင်ပြလာခြင်း ဖြစ်ပါသည်။

(ခ) ကုမ္ပဏီ၏ (၃၁-၃-၂၀၁၈) နေ့ လက်ကျန် ရှင်းတမ်းအရ ပုံသေပိုင် ပစ္စည်း တန်ဖိုး စုစုပေါင်း (၅၈၂.၀၄၈) သန်းဖြစ်ပြီး ပေးရန် တာဝန်မှာ (၄၀၅.၂၂၆) သန်း ရှိသဖြင့် အစုရှယ်ယာရှင်များ ပိုင်ဆိုင်ခွင့် တန်ဖိုးမှာ (၁၇၆.၈၂၂) သန်း ဖြစ်ပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ပိုင်ဆိုင်ခွင့် (၅၀%) မှာ ကျပ် (၈၈.၄၁) သန်း ရှိကြောင်း တင်ပြထားပါသည်။

(ဂ) ကုမ္ပဏီ၏ တင်ပြထားသော နှစ်ချုပ်စာရင်း မှန်ကန်မှု ရှိ/မရှိ စာရင်းစစ်ချုပ်ရုံး ၏ စစ်ဆေးမှုကို ခံယူသင့်ပါသည်။

(ဃ) ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေး (၃၄/၂၀၁၀) (၁၂-၁၁-၂၀၁၀) မှ ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းပိုင် အစုရှယ်ယာများကို မူလ အစုရှယ်ယာ တန်ဖိုးကျပ် (၅၄.၈၈)သန်း (၄)ဆ ဖြစ်သော ကျပ် (၂၂၀) သန်း ဖြင့် ရောင်းချရန် ဆုံးဖြတ်ခဲ့ပြီး Green Gold Industrial Co., Ltd. မှ လည်း ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ရောင်းချမည့် အစုရှယ် ယာများကို ကျပ်(၂၂၀) သန်းဖြင့် ဝယ်ယူမည် ဖြစ်ကြောင်း တင်ပြထားပါ သည်။

(င) ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ အစုရှယ်ယာများကို ကျပ်(၂၂၀) သန်း ဖြင့် ရောင်းချခြင်း ကို ဆီလျော်မှု ရှိ/မရှိ တွက်ချက်သုံးသပ် ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

$$NPV = C_o + \frac{C(1+i)}{(1+r)^n}$$

$C_o$ = ကျပ် (၅၄.၈၈)သန်း (မူလ အရင်းအနှီး တန်ဖိုး)

C = ကျပ် (၂၂၀)သန်း (ယခုရောင်းချမည့် တန်ဖိုး)

i = (၅.၅ %) Inflation Rate = ၇.၅ %

r = (၁၂ %) Interest Rate = ၁၂ %

n = (၁၃ နှစ်) ၁၉၉၇ မှ ယနေ့အထိ ၁၇ နှစ်

$$= - ၅၄.၈၈ + ၂၂၀ \frac{(၁+ ၀.၀၇၅)}{(၁+ ၀.၁၂)^{၁၇}}$$

= - ၅၄.၈၈ + ၂၂၀ (၁+ ၀.၀၇၅) (၀.၂၂၉၂)

= - ၅၄.၈၈ + ၅၄.၂၁

= -(၀.၆၇)

* = Present Value Table

(စ) အထက်ပါ တွက်ချက်နည်းအရ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ အစုရှယ်ယာများကို ကျပ်(၂၂၀)သန်း ဖြင့် ရောင်းပါက ယနေ့ ကျပ်(၂၂၀)သန်း၏ ၁၉၉၇ ခုနှစ်တွင် ရှိခဲ့သည့် တန်ဖိုးသည် ကျပ် (၅၄.၂၁) သန်းသာ ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ပေးသွင်းခဲ့ရသည့် တန်ဖိုးသည် (၅၄.၈၈) သန်း ဖြစ်ပါသဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန မှ ကျပ် (၀.၆၇) သန်း နစ်နာလျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေး ဝန်ကြီး ဌာနမှ (၁၉၉၇) ခုနှစ် ထည့်ဝင်ခဲ့သည့် ကျပ် (၅၄.၈၈) သန်း တန်ဖိုး၏ ယနေ့ တန်ဖိုးဖြစ်မည့် (၂၂၂.၇၂) သန်း ဖြင့် ရောင်းချမှသာ ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေ ဖြင့် အရှုံး/အမြတ် မရှိသည့် အခြေအနေ ဖြစ်ကြောင်း စိစစ် သုံးသပ်တင်ပြ အပ်ပါသည်။

(ဆ) အစုရှယ်ယာ လွှဲပြောင်း ရောင်းချပြီးပါက လုပ်ငန်း တည်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် မြေကို ကုမ္ပဏီသို့ ဆက်လက်ငှားရမ်းရေး အတွက် ကနဦး မြေငှားစာချုပ် အပိုဒ်၃(ဂ)တွင် ပါရှိသည့် "ငှားရမ်းခကို (၅)နှစ် တစ်ကြိမ် နှစ်ဘက်ညှိနှိုင်းရန်၊ ငှားရမ်းခနှုန်း တိုးမြှင့် သတ်မှတ်ပါက ယခင် ငှားရမ်းခ ၏(၁၅ %) ထက် မပိုစေရ"ဟုဖော်ပြထား သည့် အတိုင်း နှစ်ဦးနှစ်ဘက်ညှိနှိုင်း၍ မြေငှားရမ်းခ ပြန်လည်တိုးမြှင့် သက်မှတ်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

(ဇ) ကနဦး မြေငှား သဘောတူစာချုပ်ကို ဆက်လက် ထားရှိမည် ဖော်ပြထားပါ၍ ရှေ့နေချုပ်၏ သဘောထား မှတ်ချက်ရယူပြီး မြေငှားသဘောတူ စာချုပ် (အသစ်) ပြန်လည် ချုပ်ဆိုသင့်ပါသည်။

၄။ သို့ပါ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ PW & GG Joint Venture Co., Ltd. ရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းပိုင် အစုရှယ်ယာများ ကို Green Gold Industrial Co.,

Ltd. သို့ ကျပ် (၂၂၀) သန်းဖြင့် လွှဲပြောင်းရောင်းချခွင့် ပြုပါရန်နှင့် ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းပိုင်မြေ ကို နှုန်းထားတိုးမြှင့်၍ Green Gold Industrial Co., Ltd. သို့ ဆက်လက် ငှားရမ်းခွင့်ပြုပါ ရန် တင်ပြလာခြင်း အပေါ် လမ်းညွှန်မှု ခံယူအပ်ပါသည်။

(သူရိန်ဇော်၊ အတွင်းရေးမှူး)

ဥက္ကဋ္ဌ

Ltd. သို့ ဧက (၂၂၀) သန်းမြင့် လွှဲပြောင်းရောင်းချခွင့် ပြုပါရန်နှင့် ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းပိုင်မြေ ကို နှုန်းထားတိုးမြှင့်၍ Green Gold Industrial Co., Ltd. သို့ ဆက်လက် ငှားရမ်းခွင့်ပြုပါ ရန် တင်ပြလာခြင်း အပေါ် လမ်းညွှန်မှု ခံယူအပ်ပါသည်။

(သူရိန်ဇော်၊ အတွင်းရေးမှူး)

ဥက္ကဋ္ဌ

$$= - ၅၄.၈၈ + ၂၂၀ \frac{(၁+ ၀.၀၇၅)}{(၁+ ၀.၁၂)^{၁၃}}$$

$$= - ၅၄.၈၈ + ၂၂၀ (၁+ ၀.၀၇၅) (၀.၂၂၉၂)^{*}$$

$$= - ၅၄.၈၈ + ၅၄.၂၁$$

$$= -(၀.၆၇)$$

* = Present Value Table မှ ယူပါသည်။

(စ) အထက်ပါ တွက်ချက်နည်းအရ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ အစုရှယ်ယာများကို ကျပ်(၂၂၀)သန်း ဖြင့် ရောင်းပါက ယနေ့ ကျပ်(၂၂၀)သန်း၏ ၁၉၉၇ ခုနှစ်တွင် ရှိခဲ့သည့် တန်ဖိုးသည် ကျပ် (၅၄.၂၁) သန်းသာ ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ပေးသွင်းခဲ့ရသည့် တန်ဖိုးသည် ကျပ်(၅၄.၈၈) သန်း ဖြစ်ပါသဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ကျပ် (၀.၆၇) သန်း နစ်နာလျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေး ဝန်ကြီး ဌာနမှ (၁၉၉၇) ခုနှစ် ထည့်ဝင်ခဲ့သည့် ကျပ် (၅၄.၈၈) သန်း တန်ဖိုး၏ ယနေ့ တန်ဖိုးဖြစ်မည့် ကျပ်(၂၂၂.၇၂) သန်းဖြင့် ရောင်းချမှသာ ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေဖြင့် အရှုံး/အမြတ် မရှိသည့် အခြေအနေ ဖြစ်ကြောင်း စိစစ် သုံးသပ်တင်ပြ အပ်ပါသည်။

(ဆ) အစုရှယ်ယာ လွှဲပြောင်း ရောင်းချပြီးပါက လုပ်ငန်း တည်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် မြေကို ကုမ္ပဏီသို့ ဆက်လက်ငှားရမ်းရေး အတွက် ကနဦး မြေငှားစာချုပ် အပိုဒ်၃(ဂ)တွင် ပါရှိသည့် "ငှားရမ်းခကို (၅)နှစ် တစ်ကြိမ် နှစ်ဘက်ညှိနှိုင်းရန်၊ ငှားရမ်းခနှုန်း တိုးမြှင့် သတ်မှတ်ပါက ယခင် ငှားရမ်းခ ၏(၁၅ %) ထက် မပိုစေရ"ဟုဖော်ပြထား သည့် အတိုင်း နှစ်ဦးနှစ်ဘက်ညှိနှိုင်း၍ မြေငှားရမ်းခ ပြန်လည်တိုးမြှင့် သက်မှတ်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

(ဇ) ကနဦး မြေငှား သဘောတူစာချုပ်ကို ဆက်လက် ထားရှိမည် ဖော်ပြထားပါ၍ ရှေ့နေချုပ်ရုံး သဘောထား မှတ်ချက်ရယူပြီး မြေငှားသဘောတူ စာချုပ် (အသစ်) ပြန်လည် ချုပ်ဆိုသင့်ပါသည်။

# GREEN GOLD INDUSTRIAL CO., LTD.

NO. 209, Thanthumar Road, 23 Ward, Thuwunna, Thingangyun Tsp., Yangon, 11072, Myanmar.
Tel : +95-1- 563617, 560224 E-Mail : ggi1994@gmail.com ; ggi@ggi.net.mm
Fax : +95-1- 578096, 563602 Website : http://www.ggi-myanmar.com

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

စာအမှတ်-၄၄၄-၂၀၇-၁၂၁၀
ရက်စွဲ - ၂၀၁၀ခု၊ဒီဇင်ဘာလ(၁၀)ရက်

အကြောင်းအရာ။ ။ PW & GG JV CO., LTD. ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများ : လွှဲပြောင်းရောင်းချရန်ကိစ္စ။

ရည် ညွှန်းချက်။ ။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၏ (၈-၁၂-၂၀၁၀) ရက်စွဲပါ
စာအမှတ် ၂၄၉၇/ငစရ/ထွေ-ကုမ္ပဏီ/၂၀၁၀ — ၂၀၁၁

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် GREEN GOLD INDUSTRIAL CO., LTD. တို့ ပူးပေါင်းဖွဲ့စည်းထားသည့် PW & GG JV CO., LTD. ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပိုင်ဆိုင်သည့် အစုရှယ်ယာများကို၊ မူလတန်ဘိုး၏ ၄ဆဖြင့် GREEN GOLD INDUSTRIAL CO., LTD. သို့ လွှဲပြောင်းရောင်းချရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ် သဘောတူညီခဲ့သည်ကို၊ ရည်ညွှန်းပါစာအရ သိရှိရပါသဖြင့်၊ ဝမ်းသာဝမ်းမြောက်ပါကြောင်း၊ တင်ပြအပ်ပါသည်။

၂။ သို့ပါ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပိုင်ဆိုင်သည့်၊ PW & GG JV CO., LTD. ရှိ အစုရှယ်ယာများကို၊ မူလတန်ဘိုးကျပ်၅၄.၈၈သန်း၏ ၄ဆဖြစ်သည့် ကျပ် ၂၂၀.၀သန်း (ကျပ်နှစ်ရာ့နှစ်ဆယ်သန်း) ဖြင့် GREEN GOLD INDUSTRIAL CO., LTD. အား ရောင်းချခြင်းကို၊ ဝယ်ယူမည်ဖြစ်ပါကြောင်း လေးစားစွာ ပြန်ကြားအပ်ပါသည်။

လေးစားစွာဖြင့် -

GREEN GOLD INDUSTRIAL CO., LTD. G.G.I

( သိန်းထွန်း )
ဥက္ကဋ္ဌ GREEN GOLD INDUSTRIAL CO., LTD.

မိတ္တူ – ဒါရိုက်တာအဖွဲ့ဝင်များ (GREEN GOLD INDUSTRIAL CO., LTD.)
– AUDITOR (PW & GG JV CO., LTD.)
– ရုံးလက်ခံ

# GREEN GOLD INDUSTRIAL CO., LTD.

## ၏

## အရပ်ရပ်ဆိုင်ရာသင်းလုံးကျွတ်အထူးအစည်းအဝေးမှတ်တမ်း

၁။ Green Gold Industrial Co., Ltd ၏ အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ် အထူးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပါသည်။

(က) အစည်းအဝေးကျင်းပသည့်နေ့ – ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်
(ခ) အစည်းအဝေးကျင်းပသည့်အချိန် – နံနက် (၁၀:၀၀) နာရီ
(ဂ) အစည်းအဝေးကျင်းပသည့်နေရာ – Green Gold Industrial Co. ရုံးအစည်းအဝေးခန်းမ

၂။ **အစည်းအဝေးတက်ရောက်သူများ**

(က) ဗိုလ်မှူးကြီးသိန်းထွန်း (ငြိမ်း)– ဥက္ကဋ္ဌ/ဒါရိုက်တာ (Green Gold Industrial Co.)

(ခ) ဦးဘိုကျော် – ဒု–ဥက္ကဋ္ဌ/ဒါရိုက်တာ (Green Gold Industrial Co.)

(ဂ) ဦးအောင်စိုးကျော် – ဒါရိုက်တာ (Green Gold Industrial Co., Ltd.)

(ဃ) ဒေါ်အမာနီ – အစုရှင် (Green Gold Industrial Co., Ltd.)

(င) ဒေါက်တာထူးထူး – အစုရှင် (Green Gold Industrial Co., Ltd.)

(စ) ဦးခင်မောင်မြင့် – အစုရှင် (Green Gold Industrial Co., Ltd.)

(ဆ) ဦးစိုးနိုင် – အစုရှင် (Green Gold Industrial Co., Ltd.)

၃။ **အစည်းအဝေးသဘာပတိ** – **ဗိုလ်မှူးကြီးသိန်းထွန်း (ငြိမ်း) – ကုမ္ပဏီဥက္ကဋ္ဌ**

၄။ **ဆွေးနွေးသည့်အကြောင်းအရာများ**

(က) x x x x x x x x x x x x x x
(ခ) ဒါရိုက်တာဘုတ်အဖွဲ့အား အတည်ပြုခြင်းကိစ္စ။
(ဂ) x x x x x x x x x x x x x x
(ဃ) PW & GG JV Co., Ltd. အတွက် ကုမ္ပဏီကိုယ်စားပြု ဒါရိုက်တာများ ရွေးချယ်ရန်ကိစ္စ။
(င) PW & GG JV Co., Ltd. ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများ လွှဲပြောင်းဝယ်ယူရန်ကိစ္စ။
(စ) x x x x x x x x x x x x x x
(ဆ) x x x x x x x x x x x x x x
(ဇ) x x x x x x x x x x x x x x

စာမျက်နှာ (၂) သို့

၅။ <u>ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ</u>

**ဆွေးနွေးချက် (က)**

x x x x x x x x x x x x x

**ဆုံးဖြတ်ချက် (က)**

x x x x x x x x x x x x x

**ဆွေးနွေးချက်(ခ)**

ဒါရိုက်တာဘုတ်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းရန် ဆွေးနွေးကြပါသည်။

**ဆုံးဖြတ်ချက်(ခ)**

ဒါရိုက်တာဘုတ်အဖွဲ့ အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းရန် အများသဘောတူ ဆုံးဖြတ်ကြပါသည်။

(ခ–၁) ဗိုလ်မှူးကြီးသိန်းထွန်း (ငြိမ်း) – ဥက္ကဋ္ဌ/ဒါရိုက်တာ (Green Gold Industrial Co.)

(ခ–၂) ဦးဘိုကျော် – ဒု–ဥက္ကဋ္ဌ/ဒါရိုက်တာ (Green Gold Industrial Co.)

(ခ–၃) ဦးအောင်စိုးကျော် – ဒါရိုက်တာ (Green Gold Industrial Co., Ltd.)

**ဆွေးနွေးချက်(ဂ)**

x x x x x x x x x x x x x

**ဆုံးဖြတ်ချက်(ဂ)**

x x x x x x x x x x x x x

**ဆွေးနွေးချက်(ဃ)**

PW & GG JV Co., Ltd. အတွက် Green Gold Industrial Co. အား ကိုယ်စားပြုမည့် ဒါရိုက်တာ (၃)ဦး ရွေးချယ်ရန် ဆွေးနွေးကြပါသည်။

**ဆုံးဖြတ်ချက်(ဃ)**

အောက်ပါပုဂ္ဂိုလ်များအား PW & GG JV Co., Ltd. တွင် Green Gold Industrial Co. အား ကိုယ်စားပြုမည့် ဒါရိုက်တာများအဖြစ် အများသဘောတူ ဆုံးဖြတ်ရွေးချယ်ကြပါသည်။

(ဃ–၁) ဗိုလ်မှူးကြီးသိန်းထွန်း (ငြိမ်း) – ဒါရိုက်တာ (PW & GG JV Co., Ltd.)

(ဃ–၂) ဦးဘိုကျော် – ဒါရိုက်တာ (PW & GG JV Co., Ltd.)

(ဃ–၃) ဦးအောင်စိုးကျော် – မန်နေဂျင်းဒါရိုက်တာ (PW & GG JV Co., Ltd.)

စာမျက်နှာ (၃) သို့

**ဆွေးနွေးချက်(င)**

PW & GG JV Co., Ltd. ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများ လွှဲပြောင်းဝယ်ယူရန်ကိစ္စ ဆွေးနွေးကြပါသည်။

**ဆုံးဖြတ်ချက်(င)**

PW & GG JV Co., Ltd. ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများ လွှဲပြောင်းဝယ်ယူရေးနှင့်ပတ်သက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ညှိနှိုင်းသတ်မှတ်သော တန်ဘိုးဖြင့် ဝယ်ယူရန် အများသဘောတူ ဆုံးဖြတ်ကြပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဗိုလ်မှူးကြီးသိန်းထွန်း(ငြိမ်း) နှင့်ဦးဘိုကျော်တို့အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ရန်ကိစ္စများကို ကုမ္ပဏီကိုယ်စားဆောင်ရွက်ခွင့်ပြုရန် အများသဘောတူ ဆုံးဖြတ်ကြပါသည်။

**ဆွေးနွေးချက်(စ)**

x x x x x x x x x x x x x x

**ဆုံးဖြတ်ချက်(စ)**

x x x x x x x x x x x x x x

**ဆွေးနွေးချက်(ဆ)**

x x x x x x x x x x x x x x

**ဆုံးဖြတ်ချက်(ဆ)**

x x x x x x x x x x x x x x

**ဆွေးနွေးချက်(ဇ)**

x x x x x x x x x x x x x x

**ဆုံးဖြတ်ချက်(ဇ)**

x x x x x x x x x x x x x x

မှတ်တမ်းတင်သူ

( မသက်ထား )

ကောက်နုတ်ချက်မိတ္တူမှန်ဖြစ်ပါသည်။

# PW&GG Joint Venture Co., Ltd

## ၏

## အရပ်ရပ်ဆိုင်ရာသင်းလုံးကျွတ်နှစ်ပတ်လည်

## အထူးအစည်းအဝေးမှတ်တမ်း

ကျင်းပသည့်နေ့ - ၂၀-၁၂-၂၀၁၀

ကျင်းပသည့်အချိန် - နံနက် ၁၀း၀၀ နာရီ

ကျင်းပသည့်နေရာ - ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးရုံး

အစည်းအဝေးတက်ရောက်သူများ-

(၁) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအားကိုယ်စားပြုတက်ရောက်သူများ

၁။ ဦးကျော်လင်း - ဦးဆောင်ညွှန်ကြားရေးမှူး (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)

၂။ ဦးခင်မောင်ဆယ် - ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)

၃။ ဦးကြွယ်ဝ - အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး)(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)

(၂) **Green Gold Industrial Co., Ltd.** အားကိုယ်စားပြုတက်ရောက်သူများ

၁။ ဦးအောင်သန်း - Director (PW & GG JV Co., Ltd)

၂။ ဦးဘိုကျော် - Director (PW & GG JV Co., Ltd)

၃။ ဦးမျိုးခင် - Director (PW & GG JV Co., Ltd)

၄။ ဦးအောင်စိုးကျော် - Director ( GGI Co., Ltd)

၅။ ဒေါ်ချိုသာခင် - Director ( GGI Co., Ltd)

(၃) တာဝန်အရတက်ရောက်သူများ

၁။ ဦးစိုးညွန့် - (Soe Group) စာရင်းစစ်

၂။ ဦးဝင်းဖေ - (Soe Group) စာရင်းစစ်

၃။ ဒေါ်အေးအေးခိုင် - ဘဏ္ဍာရေးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

အစည်းအဝေးကို သင်းဖွဲ့စည်းမျဉ်းနှင့်အညီ အနည်းဆုံး(က)အစုမှဒါရိုက်တာတစ်ဦး၊ (ခ)အစုမှဒါရိုက်တာတစ်ဦး တက်ရောက်လျှင်အစည်းအဝေး ထမြောက်ပါသည်။ ဤအစည်းအဝေးတွင် (က)အစုရှယ်ယာရှင် ၃ ဦး၊ (ခ)အစုရှယ်ယာရှင် ၃ ဦးတက်ရောက်သဖြင့် အစည်းအဝေးထမြောက်ကြောင်း အခမ်းအနားမှူးဦးစိုးညွန့်က ကြေငြာပါသည်။ ထို့ကြောင့် အခမ်းအနားမှူးမှ အစည်းအဝေးကိုဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးအစီအစဉ်အရ သဘာပတိတစ်ဦးခန့်ထားရန်လိုအပ်ကြောင်း တင်ပြပါသည်။ ပဋိညာဉ်စာချုပ်အရ (က)အစုရှင်တစ်ဦးသည် အစည်းအဝေးတွင်သဘာပတိအဖြစ်

ဆောင်ရွက်ရမည်ဟုပါရှိသဖြင့် အခမ်းအနားမှူးက လက်ရှိအားဖြင့် (က)အစုရှင်အဖြစ်ဆက်လက်တည်ရှိနေသူ ဦးခင်မောင်ဆယ် ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)အား သဘာပတိအဖြစ်ဆောင်ရွက်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ထို့ကြောင့် ဦးခင်မောင်ဆယ်က သဘာပတိမိန့်ခွန်းပြောကြားရာတွင် ဤဖက်စပ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်မှာ ၁၃ နှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ နှစ်စဉ်အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးများကိုလည်းပုံမှန်ပြုလုပ်၍ အရှုံးအမြတ်စာရင်းများကိုလည်း တင်ပြခဲ့ကြောင်း၊ လုပ်ငန်းအနေဖြင့် အောင်မြင်မှုရှိသည့်လုပ်ငန်းဟု ပြောဆိုနိုင်ကြောင်း၊ သို့ရာတွင် မူလကခန့်မှန်းထားသည့်အတိုင်း နိုင်ငံခြားသို့သစ်အခြေခံ ပစ္စည်းများကိုအကြောင်းကြောင်းကြောင့် တင်ပို့နိုင်ခြင်း မရှိခဲ့ကြောင်း၊ သို့သော်လည်း နှစ်စဉ်အရှုံးမရှိပဲ ထိုက်သင့်သလျောက် အမြတ်ငွေကိုရရှိခဲ့ကြောင်း၊ သို့သော် သတ်မှတ်ထားသည့် အတိုင်းအတာအထိ ပြည့်မီခြင်းမရှိကြောင်း၊ နှစ်ဖက်သောအစုရှင်များ ထိန်းထိန်းသိမ်းသိမ်း ကြိုးစားပြီး အရှုံးမရှိအောင် ဆောင်ရွက်ခဲ့နိုင်ခြင်းအတွက် မိမိအနေဖြင့် ချီးမွမ်းပြောကြားလိုကြောင်း ပြောကြားသွားပါသည်။

ထို့နောက် အခမ်းအနားမှူးက ဤအစည်းအဝေးသည် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ဖြစ်ကြောင်း၊ ထိုအစည်းအဝေးမပြုလုပ်မီ အရေးကြီးသောကိစ္စရပ်နှစ်ခုကို တင်ပြရန်ဖြစ်ကြောင်း သဘာပတိထံတွင်ခွင့်တောင်းရာ သဘာပတိကသဘောတူသဖြင့် အောက်ပါအစီအစဉ်နှစ်ခုကို ဦးစားပေးဆွေးနွေးကြပါသည်။

<u>**အစီအစဉ် (၁)**</u> PW&GG JV Co., Ltd ရှိပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများလွှဲပြောင်းရောင်းချရန်ကိစ္စ

၁၁-၁၀-၂၀၁၀နေ့ကပြုလုပ်သော PW & GG JV Co., Ltd အစည်းအဝေးတွင် Green Gold Industrial Co., Ltd ဘက်မှပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများကို လွှဲပြောင်းဝယ်ယူလိုကြောင်းတင်ပြခဲ့ပါသည်။ ထိုတင်ပြချက်နှင့်အညီ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက၈-၁၂-၂၀၁၀ ရက်စွဲပါ စာအမှတ် ၂၄၉၇ / ငစရ / ထွေ - ကုမ္ပဏီ / ၂၀၁၀-၂၀၁၁ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင်အစုရှယ်ယာများကို မူလတန်ဘိုးကျပ် ၅၄.၈၈သန်း၏ ၄ဆဖြစ်သည့်ကျပ် ၂၂၀သန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါသည်။ ထိုပြန်ကြားချက်ပေါ်တွင် Green Gold Industrial Co., Ltd ဘက်မှ ထိုသတ်မှတ်သည့်ဈေးအတိုင်း ဝယ်ယူမည်ဖြစ်ကြောင်း ၁၇-၁၂-၂၀၁၀ ရက်စွဲပါစာဖြင့် လက်ခံမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါသည်။ ထို့ကြောင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကမ်းလှမ်းချက်ကို Green Gold Industrial Co., Ltd ကလက်ခံပြီးဖြစ်၍ ထိုကိစ္စကို ဤအစည်းအဝေးက အတည်ပြုရန်နှင့် ပြည်သူ့ဆောက်လုပ်ရေးဘက်က ခွင့်ပြုချက်ရရှိရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံတင်ပြရန် သဘောထားမှတ်ချက်ပြုကြပါသည်။

၄



<u>ဆုံးဖြတ်ချက်</u>

(၁) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများကို မူလတန်ဘိုးကျပ် ၅၄.၈၈သန်း၏ ၄ဆဖြစ်သော ကျပ် ၂၂၀သန်းဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ရောင်းချရန်နှင့် Green Gold Industrial Co., Ltd မှသဘောတူလက်ခံကြောင်းကို အတည်ပြုရန်။

(၂) ထိုအစုရှယ်ယာလွှဲပြောင်း ရောင်းချခြင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိရန်အတွက် ဆောင်ရွက်ရန်။

<u>**အစီအစဉ် (၂)**</u> ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် PW&GG Joint Venture Co., Ltd တို့ ၁၉၉၈ခုနှစ် မတ်လ ၁၀ရက်နေ့က ချုပ်ဆိုခဲ့သောမြေငှါးစာချုပ်ကို ဆက်လက်သဘောတူထားရှိရန်ကိစ္စ။

ထိုမြေငှါးစာချုပ်အရ အဆောက်အအုံတည်ရှိသော မြေဧရိယာတစ်စတုရန်းမီတာလျှင် ကျပ်၂၀၀နှုန်း၊ မြေလွတ်ဧရိယာတစ်စတုရန်းမီတာလျှင် ကျပ်၁၀၀နှုန်းနှင့် ငှါးရမ်းရန် သဘောတူခဲ့ပါသည်။ ထိုစာချုပ်အရ မြေငှါးခနှုန်းကို စတင်ငှါးရမ်းသည့်နေ့မှစ၍ ငါးနှစ်လျှင်တစ်ကြိမ် နှစ်ဖက်ညှိနှိုင်းပြီး ၁၅ရာခိုင်နှုန်းထက်မပိုသော တိုးမြှင့်ခြင်းကိုပြုလုပ်နိုင်စေရမည်ဟု ပါရှိပါသည်။ ထို့ကြောင့် ပထမငါးနှစ်ကုန်ဆုံးသောကာလအတွက် ၁၅ရာခိုင်နှုန်းတိုးမြှင့်ပြီး၊ ဒုတိယငါးနှစ်ကုန်ဆုံးသောကာလအတွက် ပထမသတ်မှတ်ထားသော ရာခိုင်နှုန်းပေါ်တွင် နောက်ထပ်၁၅ရာခိုင်နှုန်း တိုးမြှင့်သင့်ကြောင်း ဆွေးနွေးရှိကြပါသည်။

<u>ဆုံးဖြတ်ချက်</u>

(၁) မြေငှါးစာချုပ်ကို ဆက်လက်ထားရှိ၍ မြေငှါးရမ်းရန်။

(၂) မြေငှါးစာချုပ်ကို စာချုပ်ပါသတ်မှတ်ချက်နှင့်အညီ ငါးနှစ်တစ်ကြိမ် ၁၅ရာခိုင်နှုန်းတိုးပြီး ဒုတိယငါးနှစ်သက်တမ်းအတွက် ပထမသတ်မှတ်ထားသော ၁၅ရာခိုင်နှုန်းတိုးပြီးသည့် ငှါးရမ်းခပေါ်တွင် နောက်ထပ်၁၅ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်ရန်နှင့် အသေးစိတ်တွက်ချက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကတွက်ချက်၍ တောင်းခံလွှာပေးပို့ရန်။

အခမ်းအနားမှူးက ဤအရေးကြီးသောကိစ္စနှစ်ခု ဆုံးဖြတ်ပြီးဖြစ်၍ မူလအစီအစဉ်အတိုင်း အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေငြာပါသည်။

အစီအစဉ်အရ - ဖက်စပ်ကုမ္ပဏီ၏၂၀၀၉-၂၀၁၀ခုနှစ်အတွက် ငွေစာရင်းရှင်းတမ်း တင်ပြအတည်ပြုခြင်း

အခမ်းအနားမှူးက ဖက်စပ်ကုမ္ပဏီ၏ ၂၀၀၉-၂၀၁၀ခုနှစ် စာရင်းကိုစစ်ဆေးပြီးဖြစ်ကြောင်း၊ ထိုစာရင်းကို ကိစ္စရပ်တစ်ခုအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စာရင်း၌ါနကလည်း ထပ်မံစစ်ဆေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ထို့ကြောင့် ထိုစာရင်းကိုအစုရှင်များက သဘောတူကြပါသည်။

<u>ဆုံးဖြတ်ချက်</u>

ဖက်စပ်ကုမ္ပဏီ၏ ၂၀၀၉-၂၀၁၀ခုနှစ်အတွက် ငွေစာရင်းရှင်းတမ်း အတည်ပြုသည်။

**သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းနှင့်အညီ ဒါရိုက်တာအဖွဲ့ပြင်ဆင် ဖွဲ့စည်းခြင်း**

အခမ်းအနားမှူးက ၂၀၁၀-၂၀၁၁ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ပြင်ဆင်ဖွဲ့စည်းရန် တင်ပြပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအားကိုယ်စားပြုသည့် ဒါရိုက်တာအဖွဲ့သည် အဆိုပါနှစ်အတွင်း အစုရှယ်ယာများ လွှဲပြောင်းပေးသည်အထိသာ တာဝန်ယူရမည်ဖြစ်ပြီး ကာလတိုဖြစ်ကြောင်း၊ ထိုကာလအတွင်း ဒါရိုက်တာအဖွဲ့သည်လုပ်ငန်း ကြီးကြီးမားမားလုပ်ကိုင်ရန် အကြောင်းမရှိကြောင်း၊ ရှယ်ယာများလွှဲပြောင်းသည်အထိသာ တာဝန်ယူရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။ ထို့ကြောင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအားကိုယ်စားပြုသည့် ဒါရိုက်တာအဖွဲ့ကို ယခင်နှစ်ကဒါရိုက်တာအဖွဲ့အတိုင်းထားရှိရန် ဆုံးဖြတ်ကြပါသည်။

**ဆုံးဖြတ်ချက်**

၂၀၁၀-၂၀၁၁ခုနှစ် ဒါရိုက်တာအဖွဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကိုယ်စားပြု ဒါရိုက်တာများ-

ဦးခင်မောင်ဆယ် - ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)နှင့်
ဦးရဲမြင့်ဆွေ - ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)
ဦးကြွယ်ဝ - အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး)(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)

Green Gold Industrial Co., Ltd အားကိုယ်စားပြုဒါရိုက်တာများ-

ဦးသိန်းထွန်း - ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) Director (PW &GG JV Co., Ltd)
ဦးဘိုကျော် - Director (PW &GG JV Co., Ltd)
ဦးအောင်စိုးကျော် - Director (PW &GG JV Co., Ltd)

**ဥပဒေနှင့်အညီစာရင်းစစ်ခန့်ထားခြင်း**

၂၀၁၀-၂၀၁၁ခုနှစ်အတွက် ဥပဒေနှင့်အညီစာရင်းစစ်ကို Soe Group ဦးစိုးညွှန့်အား ခန့်ထားရန်သဘောတူကြပါသည်။

**ဆုံးဖြတ်ချက်**

၂၀၁၀-၂၀၁၁ခုနှစ်အတွက် ဥပဒေနှင့်အညီစာရင်းစစ်ကို Soe Group ဦးစိုးညွှန့်အား ခန့်ထားရန်။

**အစုရှင်များစာရင်းချုပ် ၂၀၁၀-၂၀၁၁ပုံစံ (င)အားမှတ်ပုံတင်ရန်အတည်ပြုခြင်း**

အထက်ပါပုံစံ (င) ကိုအများသဘောတူ အတည်ပြုကြပါသည်။

**သဘာပတိနိဂုံးချုပ်အမှာစကားပြောကြားခြင်း**

သဘာပတိက ဤအစည်းအဝေး၏ထူးခြားချက်မှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် ရှယ်ယာများကို မိမိ၏စီးပွားဖက်ဖြစ်သော Green Gold Industrial Co., Ltd သို့လွှဲပြောင်းရောင်းချရန်

သဘောတူခြင်း ဖြစ်ကြောင်း၊ ထိုသို့ လွဲပြောင်းရောင်းချရာတွင် စနစ်တကျဖြစ်ရန်အရေးကြီးကြောင်း၊ ၁၃ နှစ်တာ လုပ်ဖော်ကိုင်ဖက်များ ဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ဆက်လက်ရိုင်းပင်းကူညီကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသွားပါသည်။ အစည်းအဝေးကို မွန်းတည့် ၁၂း၀၀နာရီတွင် ရုတ်သိမ်းလိုက်ပါသည်။

( ဦးစိုးညွှန့် ) ၂၇/၃/၀၀

မှတ်တမ်းတင်သူ

# PW & GG Joint Venture Co., Ltd

## Balance Sheet as 31st March '2010

| No | Particulars | Sch | Detail | Kyats |
|---|---|---|---|---|
| | **Assets** | | | |
| 1 | Fixed Assets | 5 | | 373,046,038.75 |
| | current Assets | | | |
| 1 | Deposite (Generator) | | | 500,000.00 |
| 2 | Prepaid (phone) | | | 30,000.00 |
| 3 | prepaid/ Advances | | | 90,445.10 |
| 4 | prepaid Income Tax | | | 923,225.00 |
| 5 | General Auxiliary Stores | | | 19,202,288.00 |
| 6 | Amoritization Account | | | 174,978,837.00 |
| 7 | Receivable (G.G.I Co.,Ltd.) | | | 9,694,624.69 |
| 8 | Receivable (Nay Pyi Daw project) | | | 1,844,426.00 |
| 9 | Receivable (U Nay Lin) | | | 1,002,938.00 |
| 10 | Closing Cash Balance | | | |
| | (a) Cash In Hand (ks) | | | 228,661.02 |
| | [illegible])Cash At Bank (MICB)(Kyats) | | | 55,799.87 |
| | [illegible]) Cash At Bank (MICB)(U$$) (Equivalent US$-340.56) | | | 442,728.00 |
| | **Total Assets** | | | **582,040,011.4[illegible]** |
| | **Capital & Liabilities** | | | |
| 1 | Authorised Capital | | | 200,000,000.00 |
| 2 | Authorised Capital | | | 109,760,00.00 |
| 3 | Piad up Capital Including Capitalised Retained Earning(Ks-20,000,000) | | | 20,000,000.00 |
| 4 | Retained Earnings | | | |
| | (a) profit up to 2002-03 | | 8,018,392.49 | 50,678,729.18 |
| | (b) Profit (2003-04) | | 7,526,194.90 | |
| | (c) Profit (2004-05) | | 15,220,755.63 | |
| | (d) Profit (2005-06) | | 10,759,846.84 | |
| | (e) Profit (2006-07) | | 1,641,123.45 | |
| | (e) Profit (2007-08) | | 3,122,875.92 | |
| | (f) Profit (2008-09) | | 4,389,539.95 | |
| | loss (2009-2010) | | | 3,624,700.78 |
| | **Shareholders's Interest** | | | **176,814,028.40** |
| | Current Liabilities | | | |
| 1 | Loan(MEB) | | | 75,000,000.00 |
| 2 | Loan(PWSW) | | | 10,000,000.00 |
| 3 | Payable Account | 3 | | 98,910,672.07 |
| 4 | personal Account For Glue | | | 2,177,504.00 |
| 5 | Accumulated provision For Depreciation | | | 99,517,306.26 |
| 6 | Advance Service Chargers (Opal International co.,Ltd) | | | 79,620,501.00 |
| 7 | Deposit (Opal International co.,Ltd) | | | 40,000,000.00 |
| | **Total Liabilities** | | | **405,225,983.33** |
| | **Total capital&Liabilites** | | | **582,040,011.73** |

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ရန် |
|---|---|---|
| ၆၀ | ပဲခူး-တောင်ငူ-မိတ္ထီလာ-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းအပိုင်း (၇)ပိုင်းသည် B.O.T စနစ်ဖြင့် နှစ်(၄၀)လမ်းလုပ်ကိုင်ခွင့်ရရှိထားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီ(၆)ခုတို့သည်(၁၉-၁-၂၀၁၀)ရက်နေ့တွင် ပဋိညာဉ်စာချုပ်ချုပ်ဆိုပြီးဖြစ်သဖြင့် MIC ၏ ခွင့်ပြုမိန့်နှင့် စာချုပ်ပါစည်းကမ်းချက်များအရ လုပ်ကိုင်ခွင့်ရနှစ်အလိုက် အခွန်စည်းကြပ်ရန်သတ်မှတ်ခဲ့ကြောင်း ၊ ကုမ္ပဏီ(၆)ခု၏ လမ်းအပိုင်း(၇)ပိုင်းတွင် လမ်းအသုံးပြုခကောက်ခံရရှိငွေများမှ သတ်မှတ်ရာခိုင်နှုန်း အခွန်စည်းကြပ်ရန်အတွက် ရွှေသုံးလွှင့်(ပဲခူး-ညောင်လေးပင်) ၊ ဟိုက်စတား (ညောင်လေးပင်-ဇေယျာဝတီ) ၊ အေးရှားဝေါ(လ်)(ပျဉ်းမနား-ရမည်းသင်း)နှင့် ယုဇန (ရမည်းသင်း-မိတ္ထီလာ)တို့အား B.O.T နှုန်းစတင်ကောက်ခံသည့် (၂၁-၃-၂၀၀၈) ရက်နေ့ကိုလည်းကောင်း ၊ ကမ္ဘောဇ (ဇေယျာဝတီ-ရေတာရှည်)နှင့် သော်ကာဝင်း (မိတ္ထီလာ-မန္တလေး)တို့အား B.O.T နှုန်း စတင်ကောက်ခံသည့် (၁-၂-၂၀၀၇)ရက်နေ့ကိုလည်းကောင်း ၊ အေးရှားဝေါ(လ်) (ရေတာရှည်-ပျဉ်းမနား)၏ B.O.T နှုန်း စတင်ကောက်ခံသည့် (၁-၂-၂၀၀၉)ရက်နေ့ကိုလည်းကောင်း စီးပွားဖြစ်လုပ်ငန်း စတင်ရက် သတ်မှတ်ပေးရန်နှင့် ကုမ္ပဏီ(၆)ခုမှ လမ်းပိုင်း(၆)ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်းတစ်မိုင်သတ်မှတ်နှုန်းအတိုင်း (၁-၁၀-၂၀၀၂) ရက်နေ့မှ B.O.T နှုန်းစတင်ကောက်ခံသည့်နေ့အထိ ကောက်ခံရယူခဲ့ကြသည့် လမ်းအသုံးပြုခများ ၊ အေးရှားဝေါ(လ်)ကုမ္ပဏီ၏ ရေတာရှည်-ပျဉ်းမနား လမ်းအပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်းတစ်မိုင်သတ်မှတ်နှုန်းအတိုင်း စတင်ကောက်ခံသည့် (၁၂-၅-၂၀၀၇)ရက်နေ့မှ B.O.T နှုန်း ကောက်ခံသည့်နေ့အထိ ကောက်ခံရယူခဲ့ကြသည့် လမ်းအသုံးပြုခများကို နိုင်ငံတော်သို့ အချိုးကျပြန်လည်ပေးသွင်းရန် သင့်/မသင့် (သို့မဟုတ်) B.O.T နှုန်း ကောက်ခံသည့်နေ့အထိ လမ်းအသုံးပြုခ ကောက်ခံရရှိငွေများကို နိုင်ငံတော်သို့ အချိုးကျပြန်လည်ပေးသွင်းသင့်ပါက ပေးသွင်းရမည့်ရာခိုင်နှုန်းအား သတ်မှတ်ပေးနိုင်ပါရန် တင်ပြခြင်းနှင့်ပတ်သက်၍ မူနဲ့ ကိုက်ညီအောင်လုပ်ပေးရန် သဘောတူ ဆုံးဖြတ်သည် ။ | ခွန်ထိန်း/ ကျောက်ထုတ် ဦးစီး |
| ၆၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် Green Gold Industrial Co., Ltd တို့ ပူးပေါင်းတည်ထောင်ထားသော PW & GG Joint Venture Co., Ltd ၏ လုပ်ငန်းအခြေအနေကို ဖြစ်စဉ်မှန်စီစစ်ရေးကော်မတီမှ စစ်ဆေး၍ အစီရင်ခံစာကို (၁၆-၉-၂၀၁၀)ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ်(၂၉/၂၀၁၀)သို့တင်ပြခဲ့ရာ "နည်းလမ်းတကျဖြင့် အမြန်ဆုံးရှင်းထုတ်ရန်" ဆုံးဖြတ်ခဲ့ကြောင်း ၊ Green Gold Industrial Co., Ltd မှ(၆-၁၀-၂၀၁၀)ရက်နေ့စွဲပါစာဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် အကျိုးတူ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါက ဆောင်ရွက်သွားလိုကြောင်း သို့မဟုတ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် အစုရှယ်ယာများကို လွှဲပြောင်းဝယ်ယူခွင့်ပြုပါက မူလထည့်ဝင်ထားသော အစုရှယ်ယာတန်ဘိုး၏ (၃)ဆခန့် သို့မဟုတ် ဌာနမှ သတ်မှတ်ပေးသော တန်ဘိုးဖြင့် လွှဲပြောင်းဝယ်ယူပြီး ကုမ္ပဏီအား ဆက်လက် လည်ပတ်သွားလိုကြောင်းဖြင့် တင်ပြလာကြောင်း ၊ PW & GG Joint Venture Co., Ltd သည် | ငွေစာရင်း ဦးစီး |

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ရန် |
| --- | --- | --- |
| | ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် အရှုံးကျပ် ၃.၆၂၅ သန်း ပေါ်ပေါက်ခဲ့ပြီး ၁၃ နှစ်ကာလအတွင်း စုဆောင်းအမြတ်မှာ ကျပ် ၇၀.၆၇၉ သန်းရှိကြောင်း၊ မတည်ရင်းနှီးငွေတန်ဘိုး ကျပ် ၁၀၉.၇၆၀ သန်းပေါ်တွင် ငွေစုဘဏ် အတိုးနှုန်းဖြင့် တွက်ချက်ပါက ရရှိမည့်ဘဏ်တိုးကို ပြည့်မီခြင်းမရှိကြောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အနေဖြင့် PW & GG Joint Venture Co., Ltd နှင့်ပတ်သက်၍ "လုပ်ငန်းကို ဆက်လက်ဆောင်ရွက်မည်" သို့မဟုတ် "အစုရှယ်ယာ များကို လွှဲပြောင်းရောင်းချမည်" သို့မဟုတ် "ကုမ္ပဏီကို ဖျက်သိမ်းမည်" ကို လမ်းညွှန်မှုပြုပါရန် တင်ပြခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောတူ ဆုံးဖြတ်သည်<br>(က) အစုရှယ်ယာ (၄)ဆ တင်ရောင်းရန် ။<br>( ခ ) ပြီးက စက်ရုံကို ပြောင်းရွှေ့ရန် ။ | |

နိဂုံးချုပ်အမှာစကားပြောကြားခြင်း

၁၁။ ဝန်ကြီးကနိဂုံးချုပ်အမှာစကားပြောကြားရာတွင်တတားဆောင်ရွက်မှုနှင့်ပတ်သက်၍ နတ်ဝန်ကြီးလမ်းညွှန်ချက်အတိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊လုပ်ငန်းတွင်ပြဿနာမဖြစ်ဖို့ကြပ်မတ်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းများသတ်မှတ်ချိန်အတွင်းပြီးဖို့လိုကြောင်း၊ ငွေကြေးကိစ္စများ ဒီဇင်ဘာလအပြီးရှင်းထားရန်ဖြစ်ကြောင်း၊ နောင်နှစ်ဇန်နဝါရီလမှမတ်လအတွင်းမည်သည့်လုပ်ငန်းများဆောင်ရွက်မည်ကိုဆောင်ရွက်ထားပြီး လိုအပ်သည့်ရန်ပုံငွေများခွဲပေးထားရန်ဖြစ်ကြောင်း၊ လုံခြုံရေးကိစ္စအလေးအနက်ထားရန်ဖြစ်ကြောင်း၊အင်ဂျင်နီယာချုပ်များ/ဒုတိယအင်ဂျင်နီယာချုပ်များ E.C တက်ရန်ဖြစ်ကြောင်း၊ တပ်မှအရာရှိများလည်းရောက်နေပြီဖြစ်၍လမ်းတံတားလုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများစစ်ဆေးကြပ်မတ်ရန်ဖြစ်ကြောင်းပြောကြားပါသည် ။

၁၂။ အစည်းအဝေးကို (၁၆:၁၀)နာရီအချိန်တွင်ရုပ်သိမ်းပါသည် ။

ကျော်ဝင်း
ရုံးအဖွဲ့မှူး

စာအမှတ်၊ ၄၀ /ခွဲ - ၁/EC - ၃၄/ ၂၀၁၀ ( စီ ၈၇၈၄)
ရက် စွဲ ၊ ၂၀၁၀ ခုနှစ် ၊ နိုဝင်ဘာလ ၂၆ ရက်

<u>ဖြန့်ဝေခြင်း</u>

- ကော်မတီဝင်များအားလုံး ။
- အထူးဖိတ်ကြား၍ တက်ရောက်သည့်ပုဂ္ဂိုလ်များအားလုံး ။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**နေပြည်တော်**

စာအမှတ်၊ ၄၀/ခွဲ-၁/EC-၃၄/၂၀၁၀(စီ ၉၂၂၅)
ရက် စွဲ၊ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

အကြောင်းအရာ။ **စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၄/၂၀၁၀) မှတ်တမ်း ပေးပို့ခြင်း**

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၃၄/၂၀၁၀)မှတ်တမ်းကို လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ပါရန် ပူးတွဲပေးပို့အပ်ပါသည် -

